## နမ်းခမ်းကျေးရွာက

# မမေ့ပျောက်မရနိုင်မှုများ

၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက် | စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်






၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်အုပ်စုမှ မတရားအာဏာရယူပြီးနောက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဘဝဆိုင်ရာ အခြေအနေများသည် အရှိန်အဟုန်ဖြင့် ယိုယွင်းပျက်စီးလာခဲ့သည်။ စစ်အာဏာ သိမ်းပြီးနောက်ပိုင်းတွင် နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးမှာ သိသိသာသာ ကျဆင်းသွားခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး ၁၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး၊ ၂၀၂၂ ခုနှစ်တွင် ၄ ရာခိုင်နှုန်းနှင့် ၂၀၂၃ ခုနှစ်တွင် ၁ ရာခိုင်နှုန်း ပြန်လည်တိုးတက်ခဲ့သည်။ သို့သော် ၂၀၂၄ ခုနှစ်တွင် ၁ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၂.၅ ရာခိုင်နှုန်း ပြန်လည်လျော့ကျခဲ့ပြီး နိုင်ငံ၏ စီးပွားရေးအခြေခံ ယန္တရားများမှာ အားနည်းနေဆဲဖြစ်သည်။[၁]

စီးပွားရေးကျဆင်းရသည့် အဓိကအကြောင်းရင်းများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆက်တိုက် ထွက်ခွာသွားခြင်း၊ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုစနစ်များအပေါ် ပြည်သူများ၏ ယုံကြည်မှု ကျဆင်းလာခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခြင်းနှင့် လက်နက်ကိုင် ပဋိပက္ခများ ပိုမိုပြင်းထန်လာခြင်းတို့ကြောင့် ဖြစ်သည်။ အလားတူပင် ကုန်သွယ်ရေးလမ်းကြောင်းများ မတည်ငြိမ်ခြင်း၊ လောင်စာဆီဈေးနှုန်း မြင့်တက်ခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲ ကြီးမားခြင်းတို့ကြောင့် ပြည်တွင်း ကုန်ထုတ်လုပ်မှုနှင့် အသေးစား စီးပွားရေးလုပ်ငန်းများကို အကြီးအကျယ်ထိခိုက်စေခဲ့သည်။

ထို့အပြင် ၂၀၂၄ ခုနှစ်တွင် စစ်အုပ်စုသည် တရားမဝင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကာ စတင်အကောင်အထည်ဖော်ခဲ့သည့်အတွက် လူငယ်အများစုသည် ပြည်ပနိုင်ငံများသို့ ပြောင်းရွှေ့ အခြေချမှုများရှိခဲ့သည်။ ယင်းအခြေအနေသည် နိုင်ငံတွင်း လူသားအရင်းအမြစ်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့ပြီး ပြည်တွင်းလုပ်သားအင်အားလျော့နည်းလာမှု၊ ကျွမ်းကျင်လုပ်သားရှားပါးမှုနှင့် ကုန်ထုတ်လုပ်မှု ကျဆင်းမှုများကို ပိုမိုဆိုးရွားစေခဲ့သည်။

## စီးပွားရေးပြိုကွဲမှု - စစ်ကိုင်းဒေသ၏ လူမှုစီးပွားအကျပ်အတည်း

နိုင်ငံတဝန်း လူမှုစီးပွားအခြေအနေ ကြီးမားစွာ ယိုယွင်းနေချိန်တွင် ပဋိပက္ခဇုန်ဒေသများထဲမှ တခု ဖြစ်သည့် စစ်ကိုင်းဒေသတွင် လူမှုစီးပွားဘဝကြပ်တည်းမှု တိုးမြင့်လာခဲ့သည်။ ယခင်က စစ်ကိုင်းဒေသသည် မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုးရေးထုတ်လုပ်မှုဒေသတခုဖြစ်ခဲ့ပြီး ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် ဒေသတွင်းစီးပွားရေးနှင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးကို ထောက်ပံ့ပေးနိုင်သော အရေးပါသည့် ဒေသတခုဖြစ်သည်။ CEIC ၏ ကိန်းဂဏန်းများအရ စစ်ကိုင်းဒေသ၏ စပါးစိုက်ဧကမှာ ၂၀၁၉ ခုနှစ်တွင် ၂.၁ သန်းကေကျော်၊ ၂၀၂၀ ခုနှစ် နှင့် ၂၀၂၁ ခုနှစ်တို့တွင် ၁.၈သန်းကေကျော်ရှိခဲ့သည်။[၂]


သို့သော် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် စစ်ကိုင်းဒေသ၏ စိုက်ပျိုးရေးအခြေပြု စီးပွားရေး ယန္တရားတခုလုံးကို အကြီးအကျယ် ထိခိုက်ခဲ့ရသည်။

အထူးသဖြင့် စစ်ကြောင်းထိုး စစ်ဆင်ရေးများ၊ လေကြောင်းတိုက်ခိုက်မှုများနှင့် ကျေးရွာမီးရှို့ဖျက်ဆီးမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ယင်းအခြေအနေများကြောင့် စစ်ဘေးရှောင် ပြည်သူဦးရေ အဆမတန် မြင့်တက်လာခဲ့ပြီး လယ်ယာ လုပ်သားရှားပါးမှုကိုလည်း ကြုံတွေ့လာရသည်။




ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို စွန့်ခွာခဲ့ရပြီး လယ်ယာစိုက် ပျိုးသည့် ဧရိယာသည် ၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ်တွင် ၁၉ ရာခိုင်နှုန်းအထိ လျော့ကျလာကြောင်းတွေ့ရသည်။[၃] ထို့အပြင် ကုန်သွယ်ရေးလမ်းကြောင်း ပြတ်တောက်မှု၊ လောင်စာဆီနှင့် စိုက်ပျိုးရေးသွင်းအားစု ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာမှုတို့ကြောင့် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းတို့မှရရှိသည့် GDP မှာ သိသာစွာကျဆင်းလာခဲ့သည်။

**စစ်ကိုင်းဒေသ အိမ်ထောင်စုများ၏ ဝင်ငွေရရှိမှု အခြေအနေ**



စစ်ကိုင်းဒေသရှိ အိမ်ထောင်စု
၄၀%
ဝင်ငွေကျဆင်းခဲ့သည်



အိမ်ထောင်စု
၇၄%
အနိမ့်ဆုံးအသုံးစရိတ် စံသံမှတ်ချက်အောက် လျော့နည်းနေသည်

**နေ့စဉ်ရင်ဆိုင်ရသည့် အခက်အခဲများ**

- လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီး အန္တရာယ်
- လုံခြုံမှုမရှိသည့် လူနေမှုဘဝ
- ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု အားနည်း
- အလုပ်အကိုင်ရှားပါးမှု
- ကုန်ဈေးနှုန်းမြင့်တက်မှု

**ဆန်ဈေးနှုန်းမြင့်တက်မှု**

ဆန်ဈေးနှုန်းသည်
၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက
၂၀၂၄ ခုနှစ်တွင်
၂၁၄%
အထိ မြင့်တက်လာသည်



အများစုသည် ဝင်ငွေလမ်းကြောင်းတခုတည်းကိုသာ မှီခိုနေရသည်
ဝင်ငွေနည်း ကျေးလက်နေ အိမ်ထောင်စုများမှာ အသက်ရှင်ရပ်တည်ရန် ခက်ခဲလျက်ရှိသည်

စစ်တမ်းများအရ ၂၀၂၃ ခုနှစ်တွင် စစ်ကိုင်းဒေသရှိ အိမ်ထောင်စု ၄၀ ရာခိုင်နှုန်းသည် အလုပ်အကိုင်ဆုံးရှုံးမှု၊ ဈေးကွက်မရရှိမှုနှင့် ပိုင်ဆိုင်မှုပစ္စည်းများ ဆုံးရှုံးရခြင်းတို့ကြောင့် ဝင်ငွေကျဆင်းခဲ့ရသည်။ ထို့အပြင် အိမ်ထောင်စု ၇၄ ရာခိုင်နှုန်းခန့်သည် အနိမ့်ဆုံးအသုံးစရိတ် စံသတ်မှတ်ချက်အောက် လျော့နည်းနေသည်ကို တွေ့ရသည်။ အိမ်ထောင်စုအများစုသည် ဝင်ငွေလမ်းကြောင်းတခုတည်းကိုသာ မှီခိုနေရပြီး ဝင်ငွေနည်းမိသားစုများနှင့် ကျေးလက်နေ အိမ်ထောင်စုများအတွက် အသက်ရှင်ရပ်တည်ရန် ခက်ခဲလျက်ရှိသည်။ လမ်းပိတ်ဆို့မှု၊ လုံခြုံစိတ်ချရမှု မရှိခြင်း၊ အသုံးအဆောင်ပစ္စည်းများအတွက် ဈေးနှုန်းမြင့်တက်လာမှုတို့ကြောင့် ဒေသခံပြည်သူများ၏ နေထိုင်စားသောက်စရိတ်မှာ သိသိသာသာ မြင့်တက်လာခဲ့သည်။ စစ်ကိုင်းဒေသတွင် ဆန်ဈေးနှုန်းသည် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်တွင် ၂၁၄ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်းတွေ့ရသည်။[၄]

### နမ်းခမ်းကျေးရွာက

# မေ့ပျောက်မရနိုင်မှုများ

၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက် | စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်

၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် စစ်ကိုင်းဒေသ၏ လူမှုစီးပွားဘဝအခြေအနေသာမက အခြေခံလူမှုဝန်ဆောင်မှုစနစ်များပါ ပြင်းထန်စွာ ထိခိုက်ယိုယွင်းလာခဲ့သည်။ စစ်ရေးပဋိပက္ခများ ရှည်ကြာလာသည့်အတွက် ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပုံမှန်လည်ပတ်နိုင်မှု အားနည်းလာခဲ့ပြီး ကျေးလက်ဒေသအများအပြားတွင် စာသင်ကျောင်းနှင့် ဆေးပေးခန်းများ ရပ်တန့်သွားခဲ့သည်။ စစ်ကိုင်းဒေသရှိ ကျောင်းသူ/ကျောင်းသားများသည် လေယာဉ်ဒဏ်၊ ဗုံးဒဏ်များကို အံတု၍ ပညာဆက်လက် သင်ကြားရန် ကြိုးစားနေကြရသည်။ မိဘများအနေဖြင့် စီးပွားရေးအခက်အခဲများကြောင့် ပညာသင်စရိတ်ဝန်ကို ပင်ပန်းစွာထမ်းနေကြရပြီး စစ်အုပ်စု၏ စာသင်ကျောင်းများနှင့် လူစည်ကားရာ နေရာများကို ပစ်မှတ်ထားတိုက်ခိုက်သည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျောင်းပညာရေးကို ဆက်လက်အားပေးရန်မှာ မဝံ့မရဲသည့် အခြေအနေသို့ ဆိုက်ရောက်လျက်ရှိသည်။

## ခေါင်းပေါ်မှာ လေယာဉ် မြေပြင်မှာ လျှင်

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် စစ်ကိုင်းမြို့အနီး ဗဟိုပြု လှုပ်ခတ်ခဲ့သည့် အင်အား ၇.၇ ဖျက်အားပြင်း ငလျင်သည် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် ဘေးဒုက္ခအမျိုးမျိုးကို ပိုမိုဆိုးရွားစေခဲ့သည်။ ငလျင်ကြောင့် လူပေါင်း ၅၃၅၂ ဦးသေဆုံးခဲ့ပြီး ၇၁၀၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။[၅] လူနေအိမ်များနှင့် စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဘာသာရေးအဆောက်အဦးအပါအဝင် အဆောက်အဦ စုစုပေါင်း ၃၈,၄၁၃ လုံး ပျက်စီးခဲ့ပြီး လူဦးရေ သန်း ၂၀ ခန့်အပေါ် သက်ရောက်မှုရှိခဲ့သည်။[၆]



# မေ့ ပျော က် မ ရ နို င် မှု များ

၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက်

စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်

စစ်ကိုင်းငလျင်သည် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ (ပြည်တွင်းထုတ်လုပ်မှု တန်ဖိုး၏ ၁၄ ရာခိုင်နှုန်းခန့်) ကို ပျက်စီးဆုံးရှုံးစေခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများ၏ အသက်ရှင်ရပ်တည်ရေးအတွက် အရေးပေါ်အကူအညီများ အလွန်လိုအပ်သည့် အခြေအနေသို့ ရောက်ရှိစေခဲ့သည်။[၆] ငလျင်ဒဏ်သင့်ပြည်သူများကို အရေးပေါ်ကယ်ဆယ်ရန်နှင့် အကူအညီအထောက်အပံ့များပေးရန် နိုင်ငံတကာမှ အလျင်အမြန်ဆောင်ရွက်ခဲ့သော်လည်း စစ်အုပ်စုသည် ၎င်းတို့ နယ်မြေထိန်းချုပ်နိုင်ရေးကိုသာ ဦးစားပေးပြီး အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ကန့်သတ်ထိန်းချုပ်ခဲ့သည့်အတွက် လူပေါင်းများစွာမှာ အသက်မဆုံးရှုံးသင့်ပဲ ဆုံးရှုံးခဲ့ရသည်။

စစ်ကိုင်းဒေသသည် ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများခဲ့သည့် ဒေသတခုဖြစ်ပြီး လူဦးရေ ၃ သန်းခန့်အပေါ် သက်ရောက်မှု ရှိခဲ့သည်။[၇] ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ငလျင်ဒဏ်ပြင်းထန်စွာခံခဲ့ရသည့် စစ်ကိုင်းဒေသကို အရေးပေါ်ကယ်ဆယ်ရေးနှင့် ကူညီရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် ငလျင်ဖြစ်ပြီး ၂ ရက်အကြာမှသာ ဝင်ရောက်ခွင့်ရခဲ့ကြသည်။

## အပစ်ရပ်ကြေညာချက်ကို ချိုးဖောက်ခြင်း

**အပစ်ရပ်ကြေညာချက်များ**

အမျိုးသားညီညွတ်ရေးအစိုးရ (NUG)

**ဧပြီ ၁၃ အထိ**

ယာယီအပစ်ရပ်မည်ဟု

**ထုတ်ပြန်ကြေညာ**

စစ်အုပ်စု

**ဧပြီ ၂၂ အထိ**

ယာယီအပစ်ရပ်မည်ဟု

**ထုတ်ပြန်ကြေညာ**

**ဧပြီ ၂ ရက် လေကြောင်းတိုက်ခိုက်မှု**

| လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် | အရပ်သားသေဆုံး | အရပ်သားထိခိုက် |
|---|---|---|
| ၁၂ ခု | ၂ ဦး | ၇ ဦး |

**တိုက်ခိုက်ခံရသည့် ဒေသများ**

စစ်ကိုင်း
မန္တလေး
ပဲခူး(အနောက်)
ချင်း
ကချင်
ကရင်နီ
ကရင်

**အပစ်ရပ်ကာလအတွင်းအဆိုးဝါးဆုံး ဖြစ်စဉ်**



စစ်ကိုင်းဒေသ

**ဝန်းသိုမြို့နယ်**

**လေကြောင်းဗုံးကြဲတိုက်ခိုက်မှု**

ဖျက်အားပြင်း ငလျင်ကြောင့် စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော်၊ ပဲခူး (အရှေ့) နှင့် ရှမ်း(တောင်) ဒေသများတွင်လည်း လူသေဆုံးမှု၊ နေအိမ်နှင့် အခြေခံအဆောက်အဦ ပျက်စီးမှုများ အများအပြား ဖြစ်ပွါးခဲ့သည်။ ၎င်းဒေသရှိ ပြည်သူများသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဆိုးရွားစွာ ရင်ဆိုင်ခဲ့ရပြီး စစ်အုပ်စုကလည်း ငလျင်ဒဏ် အပြင်းထန်ဆုံးခံခဲ့ရသည့် ဒေသများကို အရေးပေါ် အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့ရသည်။

လျှောင်ဘေးသင့်ဒေသများကို အရေးပေါ်ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ထိရောက်စွာ ပေးအပ်နိုင်ရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရသည် ၂၀၂၅ ခုနှစ် မေ ၁၃ ရက်နေ့အထိ ယာယီအပစ်ရပ်မည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။[၉] ထို့အတူ အကြမ်းဖက်စစ်အုပ်စုဘက်မှလည်း မေ ၂ ရက်နေ့မှ ၂၂ ရက်နေ့အထိ ရက် ၂၀ ကြာ အပစ်ရပ်မည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။[၁၀]

သို့သော် စစ်အုပ်စုသည် အပစ်ရပ်ကြေညာချက် ထုတ်ပြန်ခဲ့သည့် မေ ၂ ရက်နေ့ တနေ့တည်းမှာပင် စစ်ကိုင်းဒေသ၊ အင်းတော်နှင့် မန္တလေးဒေသ၊ စဥ့်ကူးမြို့နယ်တို့အပါအဝင် ပဲခူး (အနောက်)၊ ချင်း၊ ကချင်၊ ကရင်နီ နှင့် ကရင်ဒေသတို့ကို လေကြောင်းအသုံးပြုတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ မေ ၂ ရက်နေ့တွင် စစ်ကောင်စီမှ ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် ၁၂ ခုရှိခဲ့ပြီး ၂ ဦး သေဆုံးကာ ၇ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ အပစ်ရပ်ကာလအဖြစ် ကြေညာထားသော်လည်း စစ်အုပ်စုသည် အရပ်သားများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများကို နိုင်ငံတဝန်း ဆက်လက်လုပ်ဆောင်ခဲ့သည်။[၁၁]

## စစ်ကိုင်းလျှောင်နှင့် လေကြောင်းတိုက်ခိုက်ခံရမှု


၂၀၂၅ ခုနှစ် မေ ၂ ရက်နေ့မှ ၂၂ ရက်နေ့အတွင်း တနိုင်ငံလုံး၌ လေကြောင်းတိုက်ခိုက်ခံရမှု စုစုပေါင်း ၁၉၂ ကြိမ်ရှိခဲ့သည်။ အရပ်သားပြည်သူ ၁၅၃ ဦး သေဆုံးကာ ၃၃၆ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ပညာရေးအဆောက်အဦ ၁၂ ခု၊ ကျန်းမာရေးအဆောက်အဦ ၂ ခုနှင့် ဘာသာရေး အဆောက်အဦ ၂၁ ခု ထိခိုက်ပျက်စီးခဲ့သည်။ အထူးသဖြင့် လျှောင်ဒဏ်အပြင်းထန်ဆုံးခံစားခဲ့ရသည့် စစ်ကိုင်းနှင့် မန္တလေးဒေသများမှာ လေကြောင်းတိုက်ခိုက်မှု အများဆုံးခံခဲ့ရသည့် ဒေသများဖြစ်ကြသည်။ စစ်ကိုင်းဒေသတွင် လေကြောင်းတိုက်ခိုက်မှု ၃၆ ကြိမ် ဖြစ်ပွားခဲ့ပြီး အရပ်သား ၅၉ ဦးသေဆုံးကာ ၁၂၅ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ အလားတူပင် မန္တလေးဒေသတွင် လေကြောင်းတိုက်ခိုက်မှု ၃၄ ကြိမ် ရှိခဲ့ပြီး သေဆုံးသူ ၄၄ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၁၀၁ ဦး ရှိခဲ့သည်။ ယင်းဒေသများသည် လျှောင်ဒဏ်ကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ အရေးပေါ်လိုအပ်နေသည့် ဒေသများဖြစ်သော်လည်း၊ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများသည် ဘေးဒုက္ခနှစ်ခုကို တပြိုင်နက်တည်း ရင်ဆိုင်ခဲ့ရသည်။ စစ်အုပ်စုသည် လျှောင်ဘေးသင့်ဒေသများကို ကူညီနိုင်ရန် ရက်ပေါင်း ၂၀ ကြာ အပစ်ရပ်စဲမှုကို ထုတ်ပြန်ကြေညာခဲ့သော်လည်း လိုက်နာမှုမရှိဘဲ လေကြောင်းတိုက်ခိုက်မှုများကို နေ့စဉ်ကျူးလွန်ခဲ့သည်။ ၎င်းတို့အနက် နမ်းခမ်းကျေးရွာကို ဂျက်ဖိုက်တာအသုံးပြု၍ နှစ်ကြိမ်တိုင် လေကြောင်းဗုံးကြဲခဲ့သည့် ဖြစ်စဉ်မှာ အဆိုးရွားဆုံး ထိခိုက်သေဆုံးမှု ကြီးမားခဲ့သည့် ဖြစ်စဉ်ဖြစ်သည်။

## န မ်း ခ မ်း ကျေး ရွာ က

# မေ့ ပျော က် မ ရ နို င် မှု များ

၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက် | စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်

### စစ်ကိုင်းဒေသတွင်း လေကြောင်းတိုက်ခိုက်မှုများနောက်ဆက်တွဲအခြေအနေ [၂- ၂၂ ဧပြီ ၂၀၂၅]




**၅၉+** အနည်းဆုံး **အရပ်သားသေဆုံးမှု**

မြို့နယ် ၁၅ မြို့နယ်တွင်

| | | |
|---|---|---|
| အရပ်သားထိခိုက်ဒဏ်ရာရ | ၁၂၅+ | [အနည်းဆုံး] |
| ပညာရေးအဆောက်အဦ | ၄+ | [အနည်းဆုံး] |
| ကျန်းမာရေးအဆောက်အဦ | ၁+ | [အနည်းဆုံး] |
| ဘာသာရေးအဆောက်အဦ | ၇+ | [အနည်းဆုံး] |


### လေကြောင်းတိုက်ခိုက်မှုများနောက်ဆက်တွဲအခြေအနေ

### [၂-၂၂ ဧပြီ ၂၀၂၅]

**၁၅၃+** အနည်းဆုံး **အရပ်သားသေဆုံးမှု**

မြို့နယ် ၆၈ မြို့နယ်တွင်

| | | |
|---|---|---|
| အရပ်သားထိခိုက်ဒဏ်ရာရ | ၃၃၆+ | [အနည်းဆုံး] |
| ပညာရေးအဆောက်အဦ | ၁၂+ | [အနည်းဆုံး] |
| ကျန်းမာရေးအဆောက်အဦ | ၂+ | [အနည်းဆုံး] |
| ဘာသာရေးအဆောက်အဦ | ၂၁+ | [အနည်းဆုံး] |



## နမ်းခမ်းကျေးရွာက

# မေ့ပျောက်မရနိုင်မှုများ

၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက် — စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်

## နမ်းခမ်းကျေးရွာ - လေကြောင်းဗုံးကြဲမှုဖြစ်စဉ်

ဉာဏ်လင်းသစ်သုတေသနအဖွဲ့၏ မှတ်တမ်းများအရ ဝန်းသိုမြို့နယ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ်၊ ဧပြီအတွင်း လေကြောင်းတိုက်ခိုက်မှု စုစုပေါင်း ၁၃ ကြိမ်ခံစားခဲ့ရပြီး အရပ်သားသေဆုံးသူဦးရေ အနည်းဆုံး ၃၀ ဦးနှင့် ဒဏ်ရာ ရရှိသူဦးရေ အနည်းဆုံး ၄၀ ဦး ရှိသည်။ ထို့အပြင် စာသင်ကျောင်း ၁ ကျောင်းနှင့် ဘာသာရေးအဆောက်အဦ ၂ ခု ထိခိုက်ပျက်စီးခဲ့သည်။



စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်တွင် တည်ရှိသည့် နမ်းခမ်းကျေးရွာသည် လူဦးရေထူထပ်ပြီး အိမ်ခြေ ၂၀၀၀ ကျော်ရှိသော ကျေးရွာကြီး တရွာဖြစ်သည်။ ဝန်းသိုမြို့နယ်နှင့် အင်းတော်၊ ကောလင်းဒေသများကို ဆက်သွယ်ထားသည့် လမ်းကြောင်းများအနီးတွင် တည်ရှိသည့်အတွက် ဒေသတွင်း လူမှုစီးပွားရေး၏ အချက်အချာ နေရာတခုဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု နောက်ပိုင်း စစ်ကိုင်းဒေသအတွင်း စစ်ရေးလှုပ်ရှားမှုများ မြင့်တက်လာပြီး တိုက်ပွဲများပြင်းထန်လာမှုကြောင့် နမ်းခမ်းကျေးရွာသည် ထွက်ပြေးတိမ်းရှောင်လာသည့် စစ်ဘေးရှောင်ပြည်သူများ၏ ယာယီ ခိုလှုံရာ နေရာတခုဖြစ်လာခဲ့သည်။

## နမ်းခမ်းကျေးရွာက

# မေ့ပျောက်မရနိုင်မှုများ

၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက်  စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်

နမ်းခမ်းကျေးရွာသည် ပထမဆုံးအကြိမ် လေကြောင်းတိုက်ခိုက်မှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကြုံတွေ့ခဲ့ရသည်။ နမ်းခမ်းကျေးရွာ ဘုတာရုံနှင့် ဈေးတန်းအနီးကို လေကြောင်းမှ ဗုံး ၃ လုံးကြဲချတိုက်ခိုက်ခဲ့ရာ ၆ နှစ်နှင့် ၁၃ နှစ်အရွယ် ကလေး ၂ ဦးအပါအဝင် အရပ်သား ၃ ဦး သေဆုံးခဲ့သည်။

ဒုတိယအကြိမ် လေကြောင်းတိုက်ခိုက်ခံရမှုသည် စစ်ကိုင်းငလျင် လှုပ်ခတ်ပြီး ၁၂ ရက်အကြာ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ဖြစ်ပွားခဲ့သည်။ စစ်အုပ်စုသည် ဂျက်ဖိုက်တာအသုံးပြု၍ နေ့လည် ၃ နာရီခန့်တွင် တကြိမ်၊ ညနေ ၆ နာရီခန့်တွင် တကြိမ် နှစ်ကြိမ်တိုင်တိုင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ယင်းလေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ၂၆ ဦးသေဆုံးခဲ့ပြီး၊ အနည်းဆုံး ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မြေပြင်သတင်းရင်းမြစ်များအရ စစ်အုပ်စု၏ ဗုံးကြဲတိုက်ခိုက်မှုများသည် နမ်းခမ်းလမ်းခွဲနေရာအနီးနှင့် တိုက်နယ်ဆေးရုံသို့ ကျရောက်ပေါက်ကွဲခဲ့သည်။

ဒေသခံပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) တာဝန်ရှိသူတဦး၏ ပြောပြချက်အရ ဗုံးပေါက်ကွဲမှု၏ ဖျက်အားမှာ အလွန်ပြင်းထန်သည့်အတွက် ထိမှန်ခံရသူများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ အပိုင်းပိုင်းပြတ်တောက်သည်အထိ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထို့အပြင် ပေါက်ကွဲမှု ဖြစ်ပွားရာနေရာမှာ ရထားသံလမ်းနှင့် နီးကပ်နေသဖြင့် သံလမ်းများ ပြတ်ထွက်ပျက်စီးခဲ့ပြီး သံလမ်းအပိုင်းအစများမှာ ပေ ၁၅၀ ခန့်အကွာအဝေးသို့ လွင့်စင်သွားခဲ့ကြောင်းနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် လူနေအိမ် ၈ လုံး ထိခိုက်ပျက်စီးခဲ့ပြီး၊ နမ်းခမ်းတိုက်နယ်ဆေးရုံဝင်းအတွင်းရှိ ဆရာဝန်များနေထိုင်ရာ အဆောက်အဦတလုံးကိုလည်း ဗုံးထိမှန်ခဲ့သည်ဟု ၎င်းက ဆိုသည်။



## နမ်းခမ်းကျေးရွာက

# မေ့ပျောက်မရနိုင်မှုများ

၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက် | စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်

**"ကျမတို့က ဘာသံမှကို မကြားလိုက်ရတာ။ လေယာဉ်သံကို မကြားရဘူး။ ဗုံးကျပြီးတော့ အကုန် ရှုန်းရင်းဆံခတ်ဖြစ်ကုန်တာ။ အဲ့ကျမှ ဝပ်တဲ့သူကဝပ်နဲ့။ သုံး လေးလုံးလောက် ကိုချသွားတာ။ ညနေ ခြောက်နာရီလောက် တကြိမ်ထပ်ချသေးတယ်။ ပထမက ကျမတို့ဝင်းထဲချသွားတာ။ နောက်တကြိမ်က ဆေးရုံဝင်းထဲချသွားတာ။ အဲ့ဒါက ဆေးရုံဝင်းထဲမှာ ချသွားတာ၊ ခြောက်နာရီလောက်က။ "**

နမ်းခမ်းကျေးရွာ ဒေသခံတဦးဖြစ်သည့် ဝင်းဝင်း (အမည်လွှဲ)၏ ပြောကြားချက်အရ ၂၀၂၅ ခုနှစ် ဧပြီလ ၉ ရက်နေ့ နေ့လည် ၃ နာရီခန့်တွင် မိသားစုဝင်များ အိမ်ဝင်းအတွင်း စုဝေးနားနေချိန်၌ ဗုံးကြဲခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းတို့သည် ကျေးလက်မိသားစုတို့၏ ထုံးစံအတိုင်း အိမ်ဝင်းတဝင်းအတွင်း မိသားစုများ စုပေါင်းနေထိုင်ကြခြင်းဖြစ်သည့်အတွက် အိမ်ထောင်စု ၅ စု အတူနေထိုင်ကြသည်။ လေကြောင်းဗုံးကြဲမှုကြောင့် မိသားစုဝင်အများအပြား ထိခိုက်ခဲ့ကြပြီး တူမ ၁ ဦး သေဆုံးခဲ့ရပြီး၊ သားနှင့် တူ ၁ ဦးမှာ ခြေထောက် ဖြတ်တောက်ကုသခဲ့ရသည်။ ၎င်းကိုယ်တိုင်မှာ မျက်လုံးတဖက်ဆုံးရှုံးခဲ့ရကြောင်း ပြန်လည် ပြောပြခဲ့သည်။

ဧပြီလ ၉ ရက်၊ နေ့လည် ၃ နာရီခန့်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် လေကြောင်းတိုက်ခိုက်မှုသည် ဈေးဆိုင်တန်း နှင့် လူစည်ကားရာနေရာများကို တိုက်ခိုက်ခဲ့သည့်အတွက် ပွဲတော်မှ ပြန်လာသူများ၊ ဈေးဝယ်နေသူများနှင့် စားသောက်ဆိုင်များအတွင်း ရှိနေသူများ ထိခိုက်သေဆုံးခဲ့သည်။ စစ်အုပ်စု၏ ဒုတိယအကြိမ် လေကြောင်းတိုက်ခိုက်မှုသည် ညနေ ၆ နာရီခန့်တွင် နမ်းခမ်းတိုက်နယ်ဆေးရုံဝင်းအနီးကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

သို့သော် ဆေးရုံသည် ၂၀၂၁ ခုနှစ် နောက်ပိုင်း လုံခြုံရေးအခြေအနေများကြောင့် ပုံမှန်လည်ပတ်နိုင်ခြင်းမရှိသည့် အခြေအနေဖြစ်သည်။ နမ်းခမ်းတိုက်နယ် ဆေးရုံမှာ ကုသရေး လုပ်ငန်းလည်ပတ်မှုမရှိသည့်အတွက် ဆေးရုံဝင်းအတွင်း ထိခိုက်ဒဏ်ရာရသူများ မရှိခဲ့သော်လည်း ဆေးရုံဝင်းအတွင်းရှိ ဆရာဝန်များနေထိုင်ရန် ဆောက်လုပ်ထား သည့် တိုက်တလုံး ဗုံးထိမှန်ပျက်စီးသွားခဲ့သည်။

**"ကျမတို့ ဖြစ်တဲ့အချိန်ကတော့ နမ်းခမ်းကဆရာမလေးက ပြည်သူတွေနဲ့ အတူပဲသေရင်လည်း သေဆိုပြီးတော့မှ အပေါ်မှာ လေယာဉ်ဝဲနေတဲ့ကြားက အကုန်လုပ်ပေးတယ် ရှင့်။ အဲ့ဒီဆရာမကလည်း လူနာတွေက တအားကြီးများလို့ မနိုင်တဲ့ဒါကြတော့ မဲဇာဘက်ကဆေးရုံကို ခေါ်သွားပေးပါတယ် ကားနဲ့။ "**

## လေကြောင်းဗုံးကြဲမှု ဖြစ်ပွားပြီး နောက်ဆက်တွဲအခြေအနေများ

နမ်းခမ်းကျေးရွာ လေကြောင်းတိုက်ခိုက်မှုသည် လူ့အသက်များကိုသာမက ဒေသခံပြည်သူများ၏ ဘဝများကိုလည်း ပြောင်းလဲစေခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် စစ်အုပ်စုက နမ်းခမ်းကျေးရွာကို ၂ ကြိမ်တိုင်တိုင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် အရပ်သားပြည်သူ ၂၆ ဦး သေဆုံးပြီး ၂၅ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ပေါက်ကွဲမှု၏ ဖျက်အားမှာ အလွန်ပြင်းထန်သည့်အတွက် သေဆုံးသူအများအပြားမှာ ဗုံးဒဏ်ကြောင့် ကိုယ်လက်အင်္ဂါများ ပြင်းထန်စွာ ပျက်စီးခဲ့သည်။ ဒဏ်ရာရရှိသူများမှာလည်း ခြေ၊ လက်ဆုံးရှုံးရသူများ၊ ဗုံးစထိမှန်သဖြင့် မျက်စိနှင့် အခြားကိုယ်အင်္ဂါဆုံးရှုံးရသူများ စသဖြင့် ဆိုးဝါးစွာ ထိခိုက်ခဲ့ရသည်။

၂၀၂၄ ခုနှစ်တွင် ပထမဆုံး လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခံရပြီးနောက် ဒေသခံများ နေရပ်စွန့်ခွာခဲ့ကြပြီး ၁ နှစ်ခန့်အကြာတွင် ရွာသားများ နေရပ်ပြန်လာခဲ့သည့်အတွက် ပြန်လည် စည်ကားစပြုနေသည့် အခြေအနေဖြစ်သည်။ သို့သော် တိုက်ခိုက်မှုသည် လူစည်ကားသည့် ဈေးတန်းအနီးသို့ တိုက်ရိုက်ကျရောက်ခဲ့သဖြင့် လူသေဆုံးမှုများပြားခဲ့ပြီး ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထပ်မံထိခိုက်ခဲ့ရသည်။ ယနေ့အချိန်အထိ နေအိမ်နှင့် ဈေးဆိုင်များ ပျက်စီးဆုံးရှုံးခဲ့ရသူအများအပြားသည် ကျေးရွာအတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ခြင်း မရှိသေးပေ။ ၎င်းတို့သည် အနီးပတ်ဝန်းကျင်ရှိ တောတောင်များအတွင်း ယာယီတဲများထိုး၍ ခိုလှုံနေထိုင်နေရဆဲဖြစ်သည်။



## နမ်းခမ်းကျေးရွာက

# မေ့ပျောက်မရနိုင်မှုများ

၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက် | စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်

ပိုင်ဆိုင်မှုများ ဆုံးရှုံးခဲ့ရသည့်အပြင် လေကြောင်းတိုက်ခိုက်မှု ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်နေကြသဖြင့် လုပ်ငန်းများ ပြန်လည်စတင်ရန်ပင် မဝံ့မရဲဖြစ်နေကြသည်။ အချို့မှာ နေအိမ်ပြန်လည်ဆောက်လုပ်နိုင်သည့် အခြေအနေ မရှိသေးသဖြင့် တောထဲတွင် ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်ကာ ရပ်တည်နေကြရသည်။

ရုပ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုများထက် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများက ပိုမိုကြာရှည်စွာ ကျန်ရှိနေသည်။ တဲများအတွင်း နေထိုင်ရခြင်းကြောင့် လုံခြုံမှုကို မခံစားရဘဲ လေယာဉ်သံကြားသည်နှင့် ပုန်းခိုရန်နေရာ ရှာဖွေရသည့် အလေ့အကျင့်သည် နေ့စဉ်ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။

**"သေတာကိုက နှစ်ဆယ်ကျော် သုံးဆယ်လောက်ရှိမယ်။ ဈေးဆိုင်တွေလည်းရှိတယ်၊ အိမ်ကလမ်းဆုံမှာရှိတာ။ လမ်းဆုံဆိုတော့ ဈေးဆိုင်တွေလည်းရှိတော့ လူစည်တာပ။ အဲ့အချိန်မှာကြဲချလိုက်တော့ မုန့်ဆိုင်ကဟာတွေရော၊ လမ်းပေါ်ကဟာတွေရော ကျနော်တို့အိမ်ကဟာတွေရော အကုန်ပါကုန်တာ။ ကျနော်တို့မိသားစုက တဝင်းထဲမှာ ငါးအိမ်အတူတူနေတာ။ အဲ့မှာ ဝင်းထဲကျတော့ အိမ်ငါးအိမ်လုံး ပျက်စီးကုန်တာ။ အိမ်ထဲမှာရှိတဲ့လူတွေ သေတဲ့သူကသေ၊ ဒဏ်ရာရတဲ့သူကရ အဲ့လိုတွေဖြစ်ကုန်တာပ။"**

**"ကျနော့်အထင်ကတော့ ဖြစ်ဖူးထားတဲ့သူတွေအကုန်လုံး နောက်တကြိမ်ဖြစ်မှာတော့ ကြောက်ကြတဲ့လူတွေချည်းပဲပ။ မထိဖူးထားတဲ့သူလည်း ကြောက်တော့ကြောက်ကြမှာပါ။ လေယာဉ်သံကြားရင်ကို ခေါင်းကိုမဖော်ရဲဘူး ပြားနေအောင်ဝပ်ပြီးတော့မှ နေကြတာ။ စက်မောင်းတဲ့အသံ၊ ကားမောင်းတဲ့အသံ ဝူးဝူးဆိုရင်ကို လေယာဉ်သံလားမသိဘူးဟေ့ ဆိုပြီးမှ ကြောက်နေရတာ။ အသံကြားရင်ကို နားစွင့်ပြီးတော့ နေကြရတော့တာ "**

အချို့သည် လေယာဉ်သံမဟုတ်သည့် ကားသံ၊ ဆိုင်ကယ်သံများ ကြားရသည့်အချိန်တွင်ပင် ထိတ်လန့်တုန်လှုပ်နေကြသည်။ မိသားစုဝင်များ ဆုံးရှုံးခဲ့ရသူများမှာ နောက်ထပ်ဆုံးရှုံးမှုများ ကြုံတွေ့ရမည်ကို စိုးရိမ်ပူပန်နေကြပြီး ကိုယ်လက်အင်္ဂါဆုံးရှုံးမှု၊ မသန်စွမ်းဖြစ်သွားမည့် အန္တရာယ်ကိုလည်း အမြဲတွေးတောနေကြရသည်။

ထို့ပြင် နမ်းခမ်းကျေးရွာသည် ၂၀၂၁ ခုနှစ်နောက်ပိုင်း ဖုန်းလိုင်းနှင့် အင်တာနက် ဆက်သွယ်ရေးများ မကြာခဏ ပြတ်တောက်ခဲ့ရသလို ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း အပြည့်အဝ မရရှိခဲ့ပေ။ ယင်းကဲ့သို့ အခြေခံဝန်ဆောင်မှုများ အားနည်းနေသည့်အပြင် လေကြောင်းတိုက်ခိုက်မှုဒဏ်ကို ထပ်မံကြုံတွေ့ရသည့်အတွက် ဒေသခံများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုတို့ကို ပိုမိုဆိုးရွားစေခဲ့သည်။

## လေကြောင်းတိုက်ခိုက်မှုမှာ ဘယ်သူတွေတာဝန်ရှိခဲ့သလဲ

စစ်ကိုင်းဒေသသည် စစ်တပ်၏ စစ်ရေးကွပ်ကဲမှု ဖွဲ့စည်းပုံအရ အနောက်မြောက်တိုင်းစစ်ဌာနချုပ် (နမခ) ၏ တိုက်ရိုက်ကွပ်ကဲမှု အောက်တွင်ရှိပြီး၊ စစ်ဆင်ရေးအဆင့် ကွပ်ကဲမှု ဖွဲ့စည်းပုံအရ အမှတ် (၁) စစ်ဆင်ရေးအထူးအဖွဲ့ (ကစထ - ၁) ၏ စစ်ဆင်ရေးကွပ်ကဲမှုအောက်တွင် ပါဝင်လျက်ရှိသည်။ တနည်းအားဖြင့် စစ်ကိုင်းဒေသအတွင်း လုပ်ဆောင်နေသည့် မြေပြင်စစ်ဆင်ရေးများ၊ စစ်ကြောင်းထိုးလှုပ်ရှားမှုများနှင့် ဒေသတွင်း စစ်ရေးလှုပ်ရှားမှုများကို နမခက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲပြီး ယင်းစစ်ဆင်ရေးများ၏ မဟာဗျူဟာအဆင့် စစ်ဆင်ရေးညှိနှိုင်းကွပ်ကဲမှုများကို ကစထ - ၁ မှ ပေါင်းစပ်ကွပ်ကဲလျက်ရှိသည်။ ထို့ကြောင့် စစ်ကိုင်းဒေသအတွင်း စစ်အုပ်စု၏ စစ်ရေးလှုပ်ရှားမှုများတွင် နမခသည် မြေပြင် စစ်ဆင်ရေးများကို တိုက်ရိုက်ကွပ်ကဲသည့် ဒေသဆိုင်ရာ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ဖြစ်ပြီး ကစထ - ၁ သည် နည်းဗျူဟာအဆင့် ကွပ်ကဲမှုသည့် ကွပ်ကဲမှုအဖွဲ့ ဖြစ်သည်။

နမ်းခမ်းကျေးရွာ လေကြောင်းဗုံးကြဲခံခဲ့ရသည့် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် နမခကို တာဝန်ယူခဲ့ရသည့် စစ်တိုင်းမှူး ၂ ဦးနှင့် ကစထမှူး ၁ ဦး ရှိခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ ဗိုလ်ချုပ်သန်းထိုက် (ကြည်း - ၂၈၁၄၆၊ DSA - ၃၈)က နမခ တိုင်းမှူးအဖြစ် တာဝန်ယူခဲ့ပြီး၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ ဗိုလ်ချုပ် မျိုးမင်းထွေး (ကြည်း - ၃၁၀၄၉၊ OTC - ၂၆) က ဆက်လက်တာဝန်ယူခဲ့သည်။ ကစထမှူးအဖြစ် တာဝန်ယူခဲ့သူမှာ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး (ကြည်း - ၂၈၁၁၉၊ DSA - ၃၈) ဖြစ်သည်။[၁၂] ၎င်းတို့ အားလုံးသည် မြေပြင်စစ်ရေးအတွေ့အကြုံများသူများဖြစ်ကြပြီး ၎င်းတို့တာဝန်ယူခဲ့သည့် ကာလအတွင်း စစ်ကိုင်းဒေသ၌ စစ်ကြောင်းထိုးစစ်ဆင်ရေးများ၊ နယ်မြေရှင်းလင်းရေးလှုပ်ရှားမှုများနှင့် လေကြောင်းတိုက်ခိုက်မှုများ သိသိသာသာ မြင့်တက်ခဲ့သည်။

## နမ်းခမ်းကျေးရွာက

# မေ့ပျောက်မရနိုင်မှုများ

၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက် | စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်

အမှတ် (၁) ကစထမှူး ဒုဗိုလ်ချုပ်ကြီး ကိုကိုဦး
ဗြာဏ်း - ၂၈၁၁၉
DSA - ၃၈
ဩ ၂၀၂၃ - စက် ၂၀၂၅



နမခတိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်
ဗြာဏ်း - ၂၈၁၄၆
DSA - ၃၈
ဇန် ၂၀၂၂ - ဒီ ၂၀၂၄




နမခတိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွေး
ဗြာဏ်း - ၃၁၀၄၉
OTC - ၂၆
ဒီ ၂၀၂၄ - နို ၂၀၂၅




ထို့အပြင် စစ်တပ်သည် ၎င်းတို့၏ လေကြောင်းအသာစီးရယူနိုင်မှုကို အသုံးချကာ စစ်ရေးတိုက်ပွဲများအတွင်း တွင်သာမက အရပ်သားများကိုပါ ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုများတွင် အသုံးပြုသည့် လေတပ်စခန်းများသည်လည်း ၎င်းတို့အတွက် အလွန်အရေးပါ သည့် အခန်းကဏ္ဍတွင် ရှိသည်။ မြန်မာနိုင်ငံ၏ အလယ်ဗဟိုဒေသတွင် တည်ရှိသည့် မိတ္ထီလာ (ရှမ်းတဲ) လေတပ် စခန်းသည် မြန်မာနိုင်ငံ မြောက်ပိုင်း၊ အနောက်မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသို့ လေကြောင်းစစ်ဆင်ရေး များ အချိန်တိုအတွင်း လျင်မြန်စွာ ဖြန့်ကျက်ဆောင်ရွက်နိုင်သည့် စစ်ရေး ပထဝီအနေအထားဆိုင်ရာ အားသာ ချက်ရှိသည့် လေတပ်စခန်းတခုဖြစ်သည်။ မိတ္ထီလာရှမ်းတဲလေတပ်စခန်းသည် လေတပ်၏ လေ့ကျင့်ရေး အခြေစိုက် စခန်းတခုသာမက၊ ဒေသအများအပြားတွင် စစ်ဆင်ရေးများ တပြိုင်နက် ဆောင်ရွက်နိုင်ရန် အရေး ပါသည့် လေကြောင်းစစ်ဆင်ရေး အခြေခံအဆောက်အဦတခု ဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက်နေ့ နမ်းခမ်း ကျေးရွာ လေကြောင်းတိုက်ခိုက်မှုကိုလည်း မိတ္ထီလာ ရှမ်းတဲလေတပ်စခန်းမှ ထွက်ခွာလာသည့် ဂျက်ဖိုက်တာ များက လုပ်ဆောင်ခဲ့ကြောင်း လေ့လာချက်များအရ တွေ့ရှိရသည်။ စစ်အုပ်စုသည် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် လေကြောင်းစစ်ဆင်ရေးများပိုမို လျင်မြန်စွာ ပြုလုပ်နိုင်ရန်အတွက် လေကြောင်းအကူအညီတောင်းခံမှုအား မြေပြင်စစ်ကြောင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်တိုင်းမှူးများမှတဆင့် တိုက်ရိုက်တောင်းခံခွင့်ပေးအပ်ထားသည်။ ထို့ကြောင့် နမ်းခမ်းကျေးရွာ လေကြောင်းဗုံးကြဲမှုဖြစ်စဉ်တွင် စစ်ကိုင်းဒေသကို ကွပ်ကဲရသည့် ကစထ (၁) မှူးနှင့် တိုင်းစစ်ဌာနချုပ် တိုင်းမှူးများသည် တာဝန်အရှိဆုံးဖြစ်သည်။

## နမ်းခမ်းကျေးရွာက

# မေ့ပျောက်မရနိုင်မှုများ

၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက် | စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်




**DISTANCE FROM MEIKTILA (SHANTE) AIR BASE TO NAN KHAN VILLAGE**

## အပစ်ရပ်ကာလအတွင်း ဗုံးကြဲမှု ဘယ်လောက်ကုန်ကျခဲ့သလဲ

မြန်မာလေတပ်တွင် အများဆုံးအသုံးပြုသည့် ဂျက်ဖိုက်တာ အမျိုးအစား ၄ မျိုးရှိသည်။ ၎င်းတို့မှာ Yak - 130၊ FTC - 2000G၊ K-8 နှင့် MiG - 29 တို့ဖြစ်ကြသည်။ နမ်းခမ်းကျေးရွာကို ဗုံးကြဲတိုက်ခိုက်ရာတွင် မိတ္ထီလာရှမ်းတဲ လေတပ်စခန်းမှ ဂျက်ဖိုက်တာများဖြင့် သွားရောက်တိုက်ခိုက်ခဲ့သည့်အတွက် လေကြောင်းတိုက်ရိုက်ပျံသန်း အကွာအဝေး ၃၆၅ ကီလိုမီတာ (ခန့်မှန်း) ကွာဝေးသည့်အတွက် အသွားအပြန်ကို တွက်ကြည့်ပါက အကြမ်းဖျင်းအားဖြင့် ၇၀၀ - ၈၀၀ ကီလိုမီတာခန့် ကွာဝေးပါသည်။ Yak-130 သို့မဟုတ် FTC-2000G ကဲ့သို့ လေယာဉ်များသည် ပျမ်းမျှအားဖြင့် တနာရီလျှင် ၈၅၀-၉၀၀ ကီလိုမီတာ ဝန်းကျင် (cruise speed) ဖြင့် ပျံသန်းနိုင်သောကြောင့် မိတ္ထီလာမှ နမ်းခမ်းသို့ ၁ နာရီအတွင်း ရောက်ရှိနိုင်ပြီး အသွားအပြန်ပျံသန်းမှုသည် ၂ နာရီခန့် ကြာမြင့်နိုင်သည်။

လေကြောင်းတိုက်ခိုက်မှုတခု၏ ကုန်ကျစရိတ်ကို တွက်ချက်ရာတွင် လေယာဉ်ဆီကုန်ကျစရိတ်တခုတည်းကိုသာ ထည့်သွင်းစဉ်းစား၍ မရပေ။ လက်နက်ခဲယမ်းအသုံးပြုမှု၊ စစ်ဆင်ရေးပြီးနောက် ပြုပြင်ထိန်းသိမ်းမှု ကုန်ကျစရိတ်၊ အင်ဂျင်နှင့် လေယာဉ်အစိတ်အပိုင်းများ၏ သက်တမ်းလျော့ကျမှု၊ အပိုပစ္စည်းအစားထိုးမှု၊ မြေပြင်ထောက်ပံ့ရေးအဖွဲ့များ၏ လည်ပတ်မှုကုန်ကျစရိတ်နှင့် လေယာဉ်မှူးလေ့ကျင့်သင်ကြားရေးဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ထည့်သွင်းတွက်ချက်ရန် လိုအပ်သည်။

နမ်းခမ်းကျေးရွာ လေကြောင်းတိုက်ခိုက်မှုတွင် လေယာဉ်အသွားအပြန်ပျံသန်းမှု၊ ပစ်မှတ်ရှာဖွေမှုနှင့် တိုက်ခိုက်မှုလုပ်ငန်းစဉ်များအားလုံးအတွက် စုစုပေါင်းကြာချိန်ကို ၂ နာရီဟု ယူဆပါက လေယာဉ်အမျိုးအစားပေါ်မူတည်၍ ပျံသန်းစရိတ်တခုတည်းမှာ အမေရိကန်ဒေါ်လာ ၃၃၀ မှ ၂,၄၅၀ အကြား ကုန်ကျနိုင်သည်။ ထို့အပြင် အသုံးပြုသည့် ဗုံးနှင့် လက်နက်ခဲယမ်းအမျိုးအစားပေါ်မူတည်၍ စစ်ဆင်ရေးတကြိမ်၏ စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂,၃၃၀ မှ ၄,၄၅၀ အထိ ရောက်ရှိနိုင်သည်။ အကယ်၍ တနေ့တည်းတွင် နှစ်ကြိမ်တိုင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး လေယာဉ်နှစ်စင်း သို့မဟုတ် ထို့ထက်ပိုသော လေယာဉ်များ ပါဝင်ခဲ့သည်ဆိုပါက စုစုပေါင်းစစ်ဆင်ရေးကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာသောင်းဂဏန်းအထိ ရှိနိုင်ကြောင်း ခန့်မှန်းနိုင်သည်။ **စစ်အုပ်စုသည် လျောင်ဖြစ်ပြီးနောက်ပိုင်း အပစ်ရပ်ကြေညာသည့် ဧပြီ ၂ ရက်နေ့မှ ၂၂ ရက်နေ့အထိ လေကြောင်းတိုက်ခိုက်မှု ၁၉၂ ကြိမ်ပြုလုပ်ခဲ့ရာ လေယာဉ်ဆီသုံးစွဲမှုတခုတည်းဖြင့်ပင် စစ်အုပ်စုသည် အမေရိကန်ဒေါ်လာ ၆၃,၃၆၀ မှ ၄၇၀,၄၀၀ ခန့်အထိ သုံးစွဲခဲ့သည်။**

ယင်းကုန်ကျစရိတ်များသည် စစ်ဆင်ရေးတခုအတွက် အသုံးပြုခဲ့သော စစ်ရေးအရင်းအမြစ်ပမာဏကို ဖော်ပြနေခြင်းသာမက၊ အရပ်သားများ၏ အသက်အိုးအိမ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးခဲ့ရသည့် အကျိုးဆက်များနှင့် နှိုင်းယှဉ်သုံးသပ်နိုင်သည့် အရေးပါသော စီးပွားရေးဆိုင်ရာ ညွှန်းကိန်းတခုလည်း ဖြစ်သည်။

## မလုံခြုံမှုနှင့် ကြောက်ရွံ့မှုကို ဦးတည်ခြင်း

စစ်အုပ်စုသည် မြေပြင်ထိန်းချုပ်နိုင်မှု အားနည်းလာသည်နှင့်အမျှ လေကြောင်းအင်အားအပေါ် မှီခိုမှု ပိုမိုမြင့်တက်လာခဲ့သည်။ အထူးသဖြင့် တော်လှန်ရေးအင်အားစုများ ဩဇာလွှမ်းမိုးမှု မြင့်မားလာသည့် နယ်မြေဒေသများတွင် စစ်အုပ်စု၏ မြေပြင်တပ်များအနေဖြင့် နယ်မြေထိန်းချုပ်နိုင်မှု အားနည်းလာခဲ့သည်။ ထိုအခြေအနေကို ထိန်းသိမ်းနိုင်ရန်အတွက် အကြမ်းဖက်စစ်အုပ်စုသည် မြေပြင်စစ်ဆင်ရေးများအစား စစ်အင်အားဖြန့်ကျက်မှု နည်းလမ်းတခုဖြစ်သည့် လေကြောင်းစစ်ဆင်ရေးများကို ပိုမိုအသုံးပြုလာခဲ့သည်။ တနည်းအားဖြင့် စစ်အုပ်စုသည် မြေပြင်တွင် ဆုတ်ယုတ်လာသည့် စစ်ရေးနှင့် အုပ်ချုပ်ရေးလွှမ်းမိုးမှုကို လေကြောင်းအင်အားဖြင့် အစားထိုး ထိန်းသိမ်းရန် ကြိုးပမ်းခြင်းဖြစ်သည်။

ထိုလေကြောင်းတိုက်ခိုက်မှုများ၏ အဓိကရည်ရွယ်ချက်မှာ နယ်မြေပြန်လည်သိမ်းယူနိုင်ရေးထက် ဒေသခံပြည်သူများ၏ နေ့စဉ်ဘဝကို မတည်မငြိမ်ဖြစ်စေခြင်း၊ လူထုအတွင်း ကြောက်ရွံ့မှုနှင့် မလုံခြုံမှုကို ပျံ့နှံ့စေခြင်းတို့ဖြစ်သည်။ လေကြောင်းရန်ကို နေ့စဉ်ရင်ဆိုင်နေရသည့် ဒေသများတွင် ဈေးကွက်များ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် လူမှုစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ခြင်း မရှိတော့ပေ။

၂၀၂၅ ခုနှစ် မတ်လ ၂၉ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ စစ်အုပ်စုသည် စစ်ကိုင်းဒေသတွင် လေကြောင်းတိုက်ခိုက်မှု ၄၉၀ ကြိမ် ပြုလုပ်ခဲ့ပြီး အရပ်သား ၆၂၅ ဦး သေဆုံးကာ ၁၂၀၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် စစ်ကြောင်းထိုးမှုများနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် အရပ်သား ၂၀၇ ဦး သေဆုံးခဲ့ပြီး ၆၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နေအိမ်စွန့်ခွာ ထွက်ပြေးရသူ အရေအတွက်မှာလည်း တိုးမြင့်လာခဲ့သည်။

## နမ်းခမ်းကျေးရွာက

# မေ့ပျောက်မရနိုင်မှုများ

၂၀၂၅ ခုနှစ်၊ ဧပြီ ၉ ရက် — စစ်ကိုင်းဒေသ၊ ဝန်းသိုမြို့နယ်

စစ်ကိုင်း၊ မန္တလေးဒေသများသည် စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုနှင့် စစ်ကြောင်းထိုးမှုများ၊ မီးရှို့ဖျက်ဆီးမှုများကို ဆက်တိုက်ရင်ဆိုင်နေခဲ့ရပြီး ငလျင်ဒဏ်ကို ထပ်မံကြုံတွေ့ရခြင်းဖြစ်သည်။ ငလျင်သည် လူမှုစီးပွားဘဝကို ထပ်မံထိခိုက်စေခဲ့သော်လည်း စစ်အုပ်စု၏ စစ်ရေးဖိအားပေးမှုများကို ရပ်တန့်စေနိုင်ခြင်း မရှိခဲ့ပေ။ အရေးပေါ်အကူအညီများ အလွန်လိုအပ်နေချိန်တွင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့သည့်အတွက် ဒေသခံပြည်သူများသည် စစ်ဘေးနှင့် သဘာဝဘေးကို တပြိုင်နက် ရင်ဆိုင်ရသည့် "ဘေးဒဏ်နှစ်ဆ" အခြေအနေသို့ ရောက်ရှိခဲ့ရသည်။ ပြည်သူများပြန်လည်ထူထောင်နိုင်မည့် အခြေအနေကို ယုတ်လျော့စေခဲ့ပြီး ဒေသတွင်းလူမှုစီးပွားအခြေအနေကို ပိုမို အားနည်းစေခဲ့သည်။

နမ်းခမ်းကျေးရွာ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်သည် စစ်ရေးပဋိပက္ခတခု၏ အကျိုးဆက်ကိုသာ ဖော်ပြနေခြင်းမဟုတ်ဘဲ အရပ်သားပြည်သူများ၏ နေ့စဉ်ဘဝ၊ လူမှုအသိုင်းအဝိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုတို့ မည်မျှပျက်စီးသွားကြောင်းကို ထင်ဟပ် ဖော်ပြနေသည့် ဖြစ်စဉ်တခုဖြစ်သည်။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် မိသားစုဝင် ဆုံးရှုံးခဲ့ရသူများ၊ ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသူများနှင့် အိုးမဲ့အိမ်မဲ့အဖြစ် တောတောင်များအတွင်း ထွက်ပြေးတိမ်းရှောင်ရသူများအဖြစ် နေ့ချင်းညချင်းရောက်ရှိခဲ့ကြရသည်။ "လေယာဉ်သံကြားရင် ချောက်ထဲ ပြေးဝပ်ရတယ်" ဟု ဒေသခံတဦး၏ ပြောကြားချက်သည် လေကြောင်းရန်ကို နေ့စဉ်ဘဝ၏ အစိတ်အပိုင်းတခုအဖြစ် ကြောက်ရွံ့စွာ ရင်ဆိုင်နေရသည့် အခြေအနေကို ထင်ဟပ်စေသည်။

## ဆင်းရဲမွဲတေမှုနှင့် အခက်အခဲများကို ရင်ဆိုင်ရခြင်း

လက်နက်ကိုင်ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်တို့ ပေါင်းစပ်လာသည့်အခါ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကျပ်အတည်းများနှင့် လူမှုစီးပွားဆိုင်ရာ အခက်အခဲများ မည်မျှပိုမိုဆိုးရွားစေနိုင်ကြောင်း စစ်ကိုင်း ဒေသက ထင်ဟပ်ဖော်ပြနေသည်။ ၂၀၂၆ ခုနှစ် မေလအထိ စစ်ကိုင်းဒေသတွင် နေရပ်စွန့်ခွာသူ ၁.၃ သန်းခန့် ရှိ နေသည်။ ငလျင်ဖြစ်ပွားပြီး တနှစ်ကျော်ကြာမြင့်သည့်တိုင် အိမ်ထောင်စုအများအပြားသည် စားနပ်ရိက္ခာမ လုံလောက်မှုကို ဆက်လက်ရင်ဆိုင်နေရပြီး အိမ်ထောင်စုတဝက်ခန့်မှာ အခြေခံစားသောက်မှု လုံလောက်ရုံမျှဖြင့် သာ ရပ်တည်နေရသည်။[32]

တဖက်တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီ လိုအပ်ချက်များ မြင့်တက်နေသော်လည်း စစ်အုပ်စု၏ တိုက်ခိုက်မှုများမှာ လျော့ကျသွားခြင်းမရှိပေ။ အကူအညီပေးပို့ရေးလမ်းကြောင်းများကို ကန့်သတ်ခြင်း၊ ပိတ်ပင် ခြင်းနှင့် ထိန်းချုပ်ခြင်းများ ပြုလုပ်ခြင်းအားဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ဖိအား ပေးကိရိယာတခုအဖြစ် အသုံးပြုနေသည်ကို တွေ့ရသည်။

ထို့ကြောင့် စစ်ကိုင်းဒေသအပါအဝင် ပဋိပက္ခဒေသများရှိ အရပ်သားပြည်သူများကို ကာကွယ်နိုင်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အုပ်စု၏ ဝင်ငွေရလမ်းများ၊ လက်နက်နှင့် လေယာဉ်ဆီ ထောက်ပံ့ရေး ကွန်ရက်များ၊ ငွေကြေးလည်ပတ်မှုစနစ်များအပေါ် ပိုမိုထိရောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်သည်။ တချိန်တည်းမှာပင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို နယ်စပ်ဖြတ်ကျော်ပုံစံဖြင့် လူမျိုးစုတိုင်းရင်းသားအဖွဲ့အစည်းများ၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများမှတ်ဆင့် တိုက်ရိုက်ပံ့ပိုးနိုင်ရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

## ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာ ပြုစုရေးသားနိုင်ရန်အတွက် အချက်အလက်များကို ယုံကြည်စွာ မျှဝေ၍ အင်တာဗျူးများတွင် ပါဝင်ဖြေဆိုပေးခဲ့ကြသော ဒေသခံပြည်သူများ၊ မျက်မြင်သက်သေများနှင့် အချက်အလက်ပံ့ပိုးပေးသူများအား လေးနက်စွာ ကျေးဇူးတင်ရှိပါသည်။

ဒေသခံပြည်သူများ မျက်မြင်သက်သေများနှင့် ချိတ်ဆက်ပေးရာတွင် ကူညီပေးခဲ့ပြီး ဤစာတမ်းတွင် အသုံးပြုထားသော ဓာတ်ပုံများကို ပံ့ပိုးပေးခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန (အမျိုးသားညီညွတ်ရေးအစိုးရ) မှ သက်ဆိုင်ရာတာဝန်ရှိသူများကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။ ဤအစီရင်ခံစာတွင် ထည့်သွင်းအသုံးပြုထားသည့် ဓါတ်ပုံမှတ်တမ်းများအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မူရင်းဓါတ်ပုံပိုင်ရှင်များကို credit ပေးပါသည်။ ၎င်းဓာတ်ပုံများသည် ဖြစ်စဥ်များ၏ အမှန်တရားကို မြင်သာထင်ရှားစေပြီး စာတမ်း၏ သက်သေပြနိုင်မှုကို ပိုမိုခိုင်မာစေရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

ထို့အပြင် စာတမ်းကို စနစ်တကျ ပြုစုထုတ်ဝေနိုင်ရန် နည်းပညာနှင့် ရင်းမြစ်များဖြင့် ပံ့ပိုးကူညီပေးခဲ့ကြသော Norwegian People's Aid (NPA) အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဉာဏ်လင်းသစ်သုတေသန အဖွဲ့သားများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

## ဉာဏ်လင်းသစ် သုတေသနအဖွဲ့သည်

လွတ်လပ်၍ ဘက်လိုက်မှု ကင်းမဲ့သည့် သုတေသနအဖွဲ့အစည်းတခုဖြစ်ပြီး စစ်ရာဇဝတ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ အစဉ်တစိုက် လေ့လာစောင့်ကြည့် မှတ်တမ်းတင်နေသည့် အဖွဲ့ဖြစ်သည်။

အရပ်သားကာကွယ်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို မြေပြင်တက်ကြွလှုပ်ရှားသူများနှင့်အတူပူးပေါင်း၍ အကောင်အထည်ဖော်ဆောက်ရွက်မှုများလည်း လုပ်ဆောင်လျက်ရှိသည်။

သုတေသနအဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအင်အားစုများနှင့် ချိတ်ဆက်ပြီး သုတေသနအခြေပြု စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းစဉ်များလည်း ဆောက်ရွက်လျက်ရှိသည်။

မြန်မာဘာသာ

အင်္ဂလိပ်ဘာသာ

ခေတ်ပုံမှတ်တမ်းစာအုပ်ဖတ်ရှုရန်